# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 13, 2019 Volume 26, Number 10


**၁၃.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၀/- ကျပ် |
| CBM Rate | = ၁၅၁၀.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၂၄.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပခုက္ကူ ကြက်သွန်ဈေးကွက်အတွင်း ရခိုင်ဝယ်လက်များ နည်းပါးသွားသည့်အတွက် တစ်ပိဿာ ကျပ် ၅၀၀ ခန့် ဈေးကျသွားပြီး အမြင့်ဆုံး တစ်ပိဿာကျပ် ၁၉၀၀ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခု ဒီဇင်ဘာဒုတိယပတ်တွင် ရခိုင်ဝယ်လက်များနည်းပါးသွားသည့်အတွက် တစ်ပိဿာ ကျပ် ၅၀၀ ခန့် ဈေးကျသွားပြီး အမြင့်ဆုံးတစ်ပိဿာ ကျပ် ၁၉၀၀ ပေါက်ဈေးရှိကြောင်း ကုန်သည်များထံမှ သိရသည်။ ယခု ဒီဇင်ဘာ ၁၀ ရက်နေ့အထိ ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံး ကျပ် ၂၄၀၀-၂၅၀၀ ဝန်းကျင်ပေါက်ဈေးရှိရာမှ ဒီဇင်ဘာ ၁၂ရက် ဈေးကွက်တွင် ဝယ်လက်နည်းပါးသွားသည့်အတွက် ရုတ်တရက်ဈေးနှုန်းကျဆင်းသွားခြင်းဖြစ်သည်။ ကုန်ပိဿာချိန် တစ်သိန်းတစ်သောင်းခန့် ဝင်ရောက်သည့် ဒီဇင်ဘာ ၁၂ ရက် ဈေးကွက်တွင် ကြက်သွန်ဥွန်ကြီးတစ်ပိဿာ ကျပ် ၁၉၀၀- ၁၉၅၀၊ ဥွန်လတ် တစ်ပိဿာ ကျပ် ၁၇၅၀-၁၈၀၀ နှင့် ဥွန်သေးတစ်ပိဿာ ကျပ် ၁၅၅၀ – ၁၆၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။ "ရခိုင်လက်က အဝယ်အေးသွားတော့ သွားစရာရန်ကုန်လက်ပဲရှိတယ်။ အားလုံးက ရန်ကုန်တင်ရောင်းတော့ ရန်ကုန်သမားကလည်း ဈေးချဝယ်တယ်။ အဝင်များပြီး အဝယ်နည်းရင် ဈေးကကျတတ်တယ်။ လက်ရှိတော့ ကုန်ဝင်သမျှအဝယ်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်ရက်ကဈေးနဲ့ ဒီနေ့ဈေးကို အတော်ကွာသွားတယ်။ ကြက်သွန်လက်ကျန်ရှိတဲ့ တောင်သူကလည်း နှုတ်ပြီး ဈေးကွက်ထဲရောင်းတာ များတယ်" ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူ ကိုကျော်သန်းက ပြောကြားသည်။

ကြက်သွန်ဈေးနှုန်း တစ်ပိဿာ ကျပ် ၅၀၀ ခန့် ကျဆင်းသွားသော်လည်း လက်ရှိပေါက်ဈေး အနိမ့်ဆုံးတစ်ပိဿာ ကျပ် ၁၅၀၀ မှာ ကြက်သွန်စိုက်တောင်သူများအတွက် ထုတ်လုပ်မှုစရိတ်နှင့်နှိုင်းယှဉ်ပါက အကျိုးအမြတ်ရှိသေးကြောင်းသိရသည် ။ "တောင်သူအတွက်က တစ်ပိဿာ ကျပ် ၈၀၀ နဲ့အထက် ရောင်းရရင်အကျိုးအမြတ်ရှိပါတယ်။ လက်ရှိဈေးကတော့ တောင်သူတွေ ရောင်းပျော်နေပါတယ်။ ဒီလိုနှစ်မျိုးကလည်း ရှားရှားပါးပါးကြုံရတာပါ။ တချို့နှစ်တွေဆို တောင်သူမှာ ဈေးကျလို့ ရှုံးတာတွေရှိတယ်။ ကြက်သွန်က ကံအဆိုးအကောင်းမှန်းမရဘဲ လုပ်ရတာပါ" ဟု တောင်သူ ကိုဘိုညီကပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း အသစ်ဝင်ရောက်နေသည့် မိုးကြက်သွန်များမှာ မြစ်ရေဝင်ဒေသများတွင် မြစ်ရေကျဆင်းပြီးနောက် စိုက်ပျိုးသည့်သီးနှံဖြစ်ပြီး စိုက်ဧက နည်းပါးသကဲ့သို့ ကြက်သွန်အရည်အသွေးမှာ အစိုဓာတ်များကြောင်း

သိရသည်။ ယခုနှစ် ကြက်သွန်ဈေးကွက်စတင်ချိန် ဧပြီမှစက်တင်ဘာလကုန်ပိုင်းအထိ နယ်ဝယ်လက်စုံနည်းပါးခြင်း၊ ကုန်ဝင်များခြင်းကြောင့် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံး ကျပ် ၇၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိပြီး အောက်တိုဘာလရောက်ရှိမှ ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်သည်။

**Source :** Eleven Media Group

https://news.ydnp.net/316830

## ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ်နှစ်လအတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာသန်း ၅၀ ကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေစတင်ဖြစ်ပေါ်

ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် နှစ်လတွင် ကုန်သွယ်မှုလိုငွေမရှိသည့်အပြင် ကုန်သွယ်မှုပိုငွေ ဒေါ်လာသန်း ၅၀ ကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေစတင်ဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ကုန်သွယ်မှုပိုငွေဆိုသည်မှာ ပြည်ပမှမိမိနိုင်ငံသို့ တင်သွင်းနေရသော သွင်းကုန်တန်ဖိုးပမာဏထက်ကျော်လွန်ကာ ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့ထားခြင်းကို ဆိုလိုသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံကတင်ပို့သည့် ပို့ကုန်တန်ဖိုးပမာဏထက် ပြည်ပမှတင်သွင်းသည့် သွင်းကုန်တန်ဖိုးပမာဏ ပိုများနေခြင်းကိုဆိုလိုသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ပြည်ပသို့ တင်ပို့ထားသည့် ပို့ကုန်တန်ဖိုးပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁၆ ဘီလျံ ရှိသည်။ ပြည်ပမှတင်သွင်းထားသည့် သွင်းကုန်တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ဝ၆၁ ဘီလျံသာရှိကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိဘဏ္ဍာနှစ် နှစ်လတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ပို့ကုန်တင်ပို့မှုပမာဏသည် ပြည်ပမှတင်သွင်းထားသည့် သွင်းကုန်ပမာဏထက် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၆၁၃ သန်းအထိ ပိုမိုတင်ပို့ထားနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၆၁၃ သန်းအထိ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် အထိရှိခဲ့သည်။ ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်ခဲ့ခြင်းက အဆိုပါကာလအတွင်း ပြည်ပသို့ပို့ကုန်ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ လက်ရှိ ဘဏ္ဍာနှစ် နှစ်လတွင် ပြည်ပသို့ပို့ကုန်တင်ပို့တန်ဖိုးပမာဏ အမေရိကန်ဒေါ်လာ သုံးဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၁၀ ကျော်အထိ ပိုမိုတင်ပို့နိုင်ခဲ့သည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ “ကုန်သွယ်မှုလိုငွေကတော့ နည်းနည်းလေးလျော့မယ့်သဘောလေးရှိတယ်။ လျာထားချက်ကတော့ ဒေါ်လာ သန်း ၅၀၀ လောက်ပဲရှိအောင်ပေါ့နော်။ ဒါပေမဲ့ တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ့်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့။ ဥပမာ မွေးမြူရေးကတက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖတ်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို အခုဆို တန်ချိန်ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလည်း ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာ။ ဒါတွေက လျှော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတတ်လာတဲ့အခါမှာ ဒီမှာမထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်း လျှော့မပေးနိုင်ဘူး။ ဒီဇယ်မှာလည်း လျှော့လို့မရဘူး။ ဆေးဝါးကလည်း လျှော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျှော့လို့မရဘူး” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

**Source:** https://news-eleven.com/article/149323

## မြန်မာ့နာနတ်သီး စိုက်ပျိုးထုတ်လုပ်မှုကို ဥရောပနိုင်ငံများမှသင်တန်းလာရောက်ပို့ချသွားမည်

ဥရောပနိုင်ငံများမှ မြန်မာ့နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှုအတွက် လာမယ့်နှစ်အတွင်းမှာ သင်တန်းလာရောက် ပို့ချသွားမှာဖြစ်ကြောင်း မြန်မာနာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ဥရောပနိုင်ငံရှိ ဈေးကွက်များကို မြန်မာ့နာနတ်သီး ထိုးဖောက်တင်ပို့ရောင်းချနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှုသင်တန်း လာရောက်ပို့ချသွားမှာဖြစ်တယ်လို့ မြန်မာနာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်က ပြောပါတယ်။ " နာနတ်သီးကိုစိုက်ပျိုးပုံ ၊ ခူးဆွတ်ပုံ ၊ ထွက်လာတဲ့နာနတ်သီး စံချိန်စံညွှန်းကိုက်ညီမှုရှိမရှိအတွက် သင်တန်းကို (၄)နှစ် အတွင်း ဥရောပနိုင်ငံကနေလာရောက်ပြီး သင်တန်းပို့ချသွားမှာဖြစ်ပါတယ်။ အဓိက ကတော့ ဥရောပနိုင်ငံကို ဈေးကွက် ရရှိနိုင်အောင်လို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ"

အဆိုပါသင်တန်းကို ၂၀၂၀ခုနှစ်မှစတင်ကာ နာနတ်သီးထွက်ရှိရာဒေသများမှာ တောင်သူများကို လာရောက် သင်တန်း ပို့ချသွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အများဆုံး စိုက်ပျိုးတာဖြစ်ပြီး ပြည်ပဈေးကွက်များကို တင်ပို့နိုင်ရန်အတွက် စီစဉ်လုပ်ဆောင်မှုများရှိနေကြောင်း မြန်မာနာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/training_for_production_of_myanmar_pineapple_from_europe

## ကချင်ပြည်နယ် တစ်ရှူးငှက်ပျော စိုက်ပျိုးခြင်းများမှအခွန်ရရေး လွှတ်တော်တွင်ဆွေးနွေး

ကချင်ပြည်နယ်တွင် ဘိန်းအစားထိုး အဖြစ် တရုတ် တစ်ရှူးငှက်ပျော စိုက်ပျိုးနေခြင်းကို စနစ်တကျ စိုက်ပျိုးရန်နှင့် အခွန်ဘဏ္ဍာရရှိရန်လိုအပ်ကြောင်း ယနေ့အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက တိုက်တွန်း ဆွေးနွေးကြ သည်။ တရုတ်တစ်ရှူးငှက်ပျောစိုက်ပျိုးခြင်းကို စနစ်တကျ စိုက်ပျိုးရန်နှင့် အခွန်ဘဏ္ဍာငွေ ရရှိရန်အတွက် ဌာနအသီးသီး အနေ ဖြင့် ဟန်ချက်ညီညီပါဝင်ရန်လိုကြောင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် ၁ မှ ဒေါက်တာ ဆန်းမောင်မောင်က လွှတ်တော်တွင် ပြောဆိုခဲ့သည်။ ကချင်ပြည်နယ်တွင် တစ်ရှူးငှက်ပျောကို ဘိန်းအစားထိုး သီးနှံအဖြစ် ၂၀၀၆–၂၀၀၇ ခုနှစ်က စတင် စိုက်ပျိုးလာခဲ့ပြီး စတင်စိုက်ပျိုးချိန်တွင် ဧက ၁ သောင်းကျော်သာရှိသော်လည်း ယခုအချိန်တွင် ဧက ၁ သိန်းကျော် စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးလုပ်ကိုင်နေသည့် ကုမ္ပဏီ ၃၀ ကျော်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုချက်မရှိဘဲ စိုက်ပျိုး နေခြင်း ဖြစ်ကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် ၃ မှ ဦးဇယ်ခေါင်ကဆိုသည်။ ၎င်းက "တရုတ် ကုမ္ပဏီများသည် ဒေသခံတောင်သူများနှင့် တိုက်ရိုက်ရောင်းဝယ်ငှားရမ်းပြီး စာချုပ်ချုပ်ကာ စိုက်ပျိုးနေတာလည်းရှိပါတယ်" ဟုပြောသည်။ ကချင်ပြည်နယ်ဒေသတွင်မကဘဲ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့စိုက်ပျိုးလာသည့် တရုတ်တစ်ရှူး ငှက်ပျောများစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများ အလွန်အကျွံသုံး၍ စိုက်ပျိုးနေသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးထိခိုက်ခြင်း၊ သစ်တောများပြုန်းတီးခြင်းအစရှိသဖြင့် ဘေးထွက်ဆိုးကျိုးများကို လွှတ်တော်ကိုယ်စား လှယ်များက ထောက်ပြဆွေးနွေးခဲ့ကြသည်။

ယင်းသို့ စိုက်ပျိုးရေးလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျကွပ်ကဲရန်နှင့် ရေရှည်တွင်ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုး များကို ကြိုတင်တားဆီးနိုင်ရန် လိုအပ်ကြောင်းကိုလည်း ဒေါက်တာဆန်းမောင်မောင်ကပြောသည်။ တပ်မတော်သား အမျိုးသားလွှတ်တော် ိုယ်စားလှယ် ဗိုလ်မှူးဇဝနကလည်း "ရသင့်ရထိုက်တဲ့ အခွန်ရရှိပြီး သက်ဆိုင်တဲ့ဌာန အသီးသီးတို့ကလည်း ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်နိုင်ကြတဲ့ ထိရောက်တဲ့မူဝါဒလမ်းညွှန်မှုများ စီမံချက်တရပ်ကို အမြန်ဆုံး ဘက်ပေါင်းစုံ၊ ရှုထောင့်မျိုးစုံက အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ အကြံပြုလိုပါတယ်" ဟု ပြောသည်။ ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများ အလွန်အကျွံထည့်၍ စိုက်ပျိုးသည့်စနစ်မှ Organic (အော်ဂဲနစ်) စနစ်ဖြင့် စိုက်ပျိုး၍ရကြောင်း၊ ယခုစိုက်ပျိုးနေသည့် တစ်ရှူးငှက်ပျော၏ ပျိုးပင်များကို တရုတ်နိုင်ငံကမှာရခြင်းဖြစ်သဖြင့် နိုင်ငံအတွင်း တစ်ရှူးငှက်ပျော ပျိုးပင်ပေါက် ထုတ်လုပ်နိုင်သည့် နည်းစနစ်များပြုလုပ်ရန်လိုအပ်ကြောင်း၎င်းကဆိုသည်။ ဗိုလ်မှူးဇဝနက "အသုံးပြုမယ့် ပိုးသတ်ဆေးနဲ့ ဓာတ်မြေသြဇာတွေရဲ့ ဘေးထွက် ဆိုးကျိုးတွေကြောင့် မြေထု၊ ရေထု၊ လေထုနဲ့ ပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ အသုံးပြုခဲ့သည့် ဓာတ်မြေသြဇာတွေကြောင့် အမှန်တကယ်သုံးသူများအတွက်လည်း ဘေးထွက်ဆိုးကျိုးများရှိမရှိကို စဉ်းစားရန်

လိုအပ်ပါတယ်" ဟု ပြောသည်။ ဒီဇင်ဘာ ၄ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် ကချင်ဒေသ၌ တရုတ်တစ်ရှူးငှက်ပျောများကို စည်းကမ်းတကျထိန်းချုပ်နိုင်ရန်၊ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်တားမြစ်နိုင်ရန်၊ ရသင့်သည့်အခွန်ဘဏ္ဍာများ ရရှိစေနိုင်ရန် ဌာန ဆိုင်ရာ အားလုံး ဟန်ချက်ညီညီပါဝင်ရေး အစိုးရကိုတိုက်တွန်းကြောင်း အဆိုတခုကို ကချင်ပြည်နယ် အမျိုးသား လွှတ် တော် ကိုယ်စားလှယ် ဒေါက်တာ ခွန်ဝင်းသောင်း တင်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြမည်ဖြစ်ပြီး ယနေ့ ကိုယ်စားလှယ် ၅ ဦး ဆွေးနွေးကာ ကျန်သည့် ကိုယ်စားလှယ်များက နောက်ရက် ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

တရုတ်နိုင်ငံသားများသည် မြေများကို အနည်းဆုံး ၆ နှစ် စာချုပ်ဖြင့် ငှားရမ်းကြပြီး တနှစ်၊ ၂ နှစ်စာ ငွေချေကြောင်း၊ တနှစ်လုံး ငှားရမ်းပါက တောထဲမှမြေဆိုလျှင် တဧက ကျပ် တသိန်း ရှစ်သောင်းရပြီး လက်ရှိလုပ်ကိုင်စားသောက်နေသည့် မြေဖြစ်ပါက တဧက ကျပ် ၄ သိန်း အထိ ငှားရမ်းခ ရကြကြောင်း ဒေသခံများကပြောသည်။ ကချင်ပြည်နယ်တွင် စတင်ခဲ့သည့် တရုတ်တစ်ရှူးငှက်ပျောစိုက်ပျိုးသည့်လုပ်ငန်းများသည် တစနှင့်တစ ပိုမိုကျယ်ပြန့်လာနေပြီး ယခုအခါ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်များအထိ ယင်းငှက်ပျောများ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းမှုများရှိလာကြောင်း သတင်းရရှိသည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung/posts/2520107134925163

## မြန်မာ့ပုလဲရောင်းချပွဲ ပထမနေ့တွင် ယူရိုငါးသိန်းကျော်ဖိုး နိုင်ငံပိုင်ပုလဲ အတွဲ ၁၀၀ ရောင်းချနိုင်ခဲ့

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် မြန်မာ့ပုလဲ ပြသရောင်းချပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကျင်းပလျက်ရှိရာ ပထမနေ့တွင် ယူရို ငါးသိန်းကျော်ဖိုး နိုင်ငံပိုင်ပုလဲအတွဲ ၁၀၀ ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါပြပွဲ၌ နိုင်ငံပိုင်ပုလဲအတွဲ ၂၇၀ နှင့် မြန်မာအန်ဒါမန်ပါးလ်ကုမ္ပဏီမှ ၈၅ တွဲ၊ ပြည်ဖြိုးထွန်းကုမ္ပဏီမှ အတွဲ ၃၀၊ အဏ္ဏဝါ ပုလဲကုမ္ပဏီမှ အတွဲ ၃၀ စုစုပေါင်း ၄၁၅တွဲကို ပြသရောင်းချလျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက် တွင် အတွဲအမှတ် ၁ မှ အတွဲ အမှတ် ၁၀၀ အထိကို ယူရိုငွေ ၅၉၃,၉၉၀ ဖြင့် ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်တွင် အတွဲအမှတ် ၁၀၁ မှ ၃၀၅ အထိကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် အတွဲအမှတ် ၃၀၆ မှ အတွဲအမှတ် ၄၁၅ အထိကိုလည်းကောင်း ကြမ်းခင်းဈေး ယူရိုငွေ ၁ ဒသမ ၉၅ သန်းဖြင့် ပြသ ရောင်းချမည်ဖြစ်ပြီး ပြည်တွင်းပုလဲကုန်သည်များကို ယူရိုငွေနှင့်ညီမျှသည့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပပုလဲကုန်သည်များကို ယူရိုငွေဖြင့်လည်းကောင်း ရောင်းချပေးမည် ဖြစ်သည်။ ပြပွဲသို့တက်ရောက်ဝယ်ယူမည့် ပြည်တွင်း ပုလဲကုန်သည်များအနေဖြင့် အာမခံတင်ဒါ စပေါ်ငွေ မြန်မာကျပ် ၂၅ သိန်း ကြိုတင်ပေးသွင်းကြရမည်ဖြစ်ပြီး ပြည်ပကုန်သည်များအနေဖြင့် ယူရိုငွေ ၂၀၀၀ ကြိုတင်ပေးသွင်းကြရမည်ဖြစ်သည်။ တင်ဒါအောင်မြင်သူ ပုလဲကုန်သည်များသည် တင်ဒါအောင်မြင်သော ပုလဲအတွဲတန်ဖိုး၏ ငါးရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပေးသွင်းကြရမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/132331.html

**myanmar.mmtimes.com**

## ၂၀၂၅ ခုနှစ်ခန့်တွင် အာဆီယံဒေသတွင်းရှိဘဏ်များ ငွေပေးချေမှုမှ ဝန်ဆောင်ခရငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိ ဆုံးရှုံးရဖွယ်ရှိ

ဘဏ်လုပ်ငန်းမဟုတ်သော နည်းပညာလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုနှင့်အတူ ဒီဂျစ်တယ်ငွေပေးချေမှုများ တိုးတက်လာခြင်းကြောင့် ၂၀၂၅ ခုနှစ်ခန့်တွင် အာဆီယံဒေသတွင်းရှိ ဘဏ်လုပ်ငန်းများသည် ၎င်းတို့၏ငွေပေးချေခြင်း ဝန်ဆောင်မှုမှ ဝင်ငွေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံ အထိ ဆုံးရှုံးရဖွယ်ရှိနေကြောင်း Accenture ၏ လေ့လာမှု အစီရင်ခံစာအရသိရှိရသည်။ အာဆီယံတွင် ငွေပေးချေမှုများမှ ဝန်ဆောင်ခရငွေသည် တစ်နှစ်လျှင် ၆ ဒသမ ၁

ရာခိုင်နှုန်းဖြင့် ဆက်လက်တိုးတက်လာဖွယ်ရှိပြီး ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံအထိ တိုးတက်လာနိုင်ကြောင်း၊ သို့သော် ယင်းတိုးတက်ရရှိလာသည့် ဝန်ဆောင်ခရငွေ၏ဝေစုကို နောက်ဆုံးပေါ် နည်းပညာများအသုံးပြု၍ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်သည့် ဘဏ်လုပ်ငန်းများသာ ရယူနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်ကတ်စနစ်များအားအသုံးပြု၍ ငွေပေးချေမှုများမှလွှဲ၍ လက်ရှိအခြေအနေမှာ ချက်ချင်းငွေပေး ချေနိုင်သည့်စနစ်များကို အသုံးပြုလာခြင်းကြောင့်ဘဏ်များ၏ ဝန်ဆောင်ခရငွေသည် လွန်စွာ နည်းပါးလာနေသည့်အတွက် ဘဏ်လုပ်ငန်းများအပေါ်ဖိအားများရှိလာကြောင်း၊ အခမဲ့ငွေပေးချေမှုစနစ်များကြောင့် နောင်ခြောက်နှစ်ကာလတွင် အဆိုပါဘဏ်ကတ်စနစ်ဖြင့်ငွေပေးချေမှုစနစ်မှ ဝင်ငွေ၏ ၉ ဒသမ ၆ ရာခိုင်နှုန်းကိုပင် ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း၊ ထို့ပြင် ချက်ချင်းငွေပေးချေသည့်စနစ်များကြောင့် ဘဏ်တိုးနှုန်းရရှိမှု နည်းပါးလာသော အခြေအနေသည်လည်း ဘဏ်များ၏ ဝန်ဆောင်ခရငွေအပေါ် ၁ ဒသမ ၇ ရာခိုင်နှုန်းအထိ ထပ်မံထိခိုက်နိုင်ပြီး လက်ကိုင်ဖုန်းအပလီကေးရှင်းဖြင့် ငွေပေးချေမှုစနစ်များကြောင့် ဘဏ်လုပ်ငန်းများ၏ ဝင်ငွေသည် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ကြောင်း ဖော်ပြထားသည်။

စင်ကာပူနိုင်ငံတွင် ဘဏ်များ၏ငွေပေးချေမှုမှ ဝန်ဆောင်ခရငွေ၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့်အထိကို ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များဖြင့် အစားထိုးပြုလုပ်လာမည်ဖြစ်ကြောင်း၊ ဝန်ဆောင်ခရငွေသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံအထိ နှစ်စဉ် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်းခန့်မှန်းထားသည်။ ငွေပေးချေမှုစနစ်တွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုသည် ဘဏ်လုပ်ငန်းများသာမက အခြားလုပ်ငန်းကဏ္ဍများကိုလည်း သက်ရောက်မှုရှိမည်ဖြစ်ပြီး အထူးသဖြင့် ဘဏ်လုပ်ငန်းများသည် ဒီဂျစ်တယ်ခေတ်တွင် ယှဉ်ပြိုင်နိုင်မှုရှိရေးအတွက် လက်ရှိလုပ်ငန်းဆောင်ရွက်မှုပုံစံများကို ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ၏ ငွေပေးချေမှုစနစ်နှင့် အမြတ်ရရှိမှုတိုးတက်လာရေးအတွက် ၎င်းတို့၏ဖောက်သည်များကို ဗဟိုပြုသော အဆင့်မြင့်ဝန်ဆောင်မှုများပေးနိုင်ရန်၊ ဘဏ်လုပ်ငန်းမဟုတ်သော အခြားနည်းပညာလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့တွင်ရရှိထားသည့် အချက်အလက်များအား စီးပွားရေးအကျိုးအမြတ်အတွက် အသုံးပြုဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း အကြံပြုထားသည်။

**Source:** SFJ Strategy First Journal

https://business.facebook.com/SFJWeekly/posts/2863211343766139?__tn__=K-R

## ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်ကဏ္ဍတွင် အိန္ဒိယနှင့် ပိုမိုရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်

ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည်အသင်းချုပ်(VITAS) ၏ ပြောပြချက်အရ အဝတ်အထည်လုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအားနှင့်ဝယ်လိုအား ကွင်းဆက်ကိုကိုက်ညီစေရန် အရောင်ဆိုးသည့်အပိုင်းနှင့် ပိတ်စအပိုင်းများဖြစ်သော မဖွံ့ဖြိုးသေးသည့် အထည်အလိပ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကို လိုအပ်နေကြောင်းသိရှိရသည်။ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သော အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့၏ အထည် အလိပ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့် စီးပွားရေးအပြန်အလှန် အကျိုးပြုစေသည့်လှုပ်ရှားမှုတွင် ဗီယက်နမ်နိုင်ငံက လက်မှတ်ရေးထိုးထားသော လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များအရ ဈေးကွက်ဝင်အခွင့်အလမ်းများရရှိစေရန် ချည်ခင်၊ ရက်ကန်း ယက်ခြင်း၊ ဆေးဆိုးခြင်း၊ ပန်းရိုက်ခြင်းအပိုင်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အိန္ဒိယကုမ္ပဏီများကို ဖိတ်ခေါ်ခဲ့ကြောင်းနှင့် အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံစလုံးကို အကျိုးအမြတ်ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း VITAS ၏ ဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ Consul General က အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့အကြား အထည်အလိပ်လုပ်ငန်းများတွင် နှစ်နိုင်ငံကုန် သွယ်မှုသည်လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း အထင်ကြီးလောက်သည့်တိုးတက်မှုကို မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ၄၈ ရာခိုင်နှုန်း တိုး တက်မှုဖြင့် အိန္ဒိယအထည်အလိပ်နှင့် အဝတ်အထည်များကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ဝါဂွမ်း၊ ချည်နှင့်ပိတ်စကဲ့သို့သော အဝတ်

အထည်လုပ်ငန်းအတွက် ကုန်ကြမ်းများကို အခြား နိုင်ငံများအပေါ်တွင်မှီခိုနေရသည်။ အိန္ဒိယနိုင်ငံ၏ တင်သွင်းမှုများသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၁ ဘီလီယံ ရှိခဲ့ပြီး ၎င်းတို့အနက် ဗီယက်နမ် နိုင်ငံ မှ တင်သွင်းမှုမှာအမေရိကန်ဒေါ်လာ ၃၀၀ သန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယ-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အရ ချည်မျိုးစုံ၊ ရက်လုပ်ထားသောပိတ်စနှင့် ဇာထိုးထားသောအစများကို အိန္ဒိယနိုင်ငံမှ အကောက်ခွန်နှုန်းသုညဖြင့် တင်သွင်းနိုင်ကြောင်း၊ ယှဉ်ပြိုင်နိုင်သောဈေးနှုန်းများဖြင့် ချည်၊ ပိတ်စနှင့်စက်ယန္တရားများတင်သွင်းရာတွင် အိန္ဒိယနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ယုံကြည်အားထားရသော ကုန်သွယ်ဖက်နိုင်ငံဖြစ်လာနိုင်ကြောင်း Consul General က ပြောကြားခဲ့ပါသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2863188697101737?__tn__=K-R

## တရုတ်နဲ့အမေရိကန်အကြား ကုန်သွယ်ရေးအခြေခံ သဘောတူချက်ညီရ

အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံအကြား ၁၇ လကြာ တည်ရှိလာခဲ့တဲ့ ကုန်သွယ်ရေးစစ်ပွဲအဆုံးသတ်စေမယ့် အခြေခံသဘောတူညီချက်ရလိုက်ပြီဖြစ်ကြောင်း ဆွေးနွေးမှုတွေနဲ့ နီးစပ်တဲ့အသိုင်းဝိုင်းကပြောပါတယ်။ သဘောတူညီချက် တစုံတရာမရခဲ့ရင် လာမယ့် ဒီဇင်ဘာ ၁၅ ရက်နေ့မှာ အမေရိကန်က တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးမြင့်ကောက်ခံဖို့ ရှိနေပေမယ့် အဲဒီ အခွန်တိုးကောက်မယ့်အစီအစဉ်ကို ရှောင်ရှားနိုင်ဖို့ သမ္မတ Donald Trump က ကြာသပတေးနေ့မှာ အဲဒီ အခြေခံသဘောတူညီချက်ကို လက်မှတ်ထိုးလိုက်ပြီလို့ဆိုပါတယ်။ သဘောတူညီချက်ပါ အသေးစိတ်အချက်အလက်တွေကို ညှိနှိုင်းနေဆဲဖြစ်ပေမယ့် သဘောတူညီချက်တော့ရထားပြီလို့ဆိုပါတယ်။ ဒါပေမယ့် သဘောတူညီချက်ထဲမှာ ပါဝင်တဲ့ အသေးစိတ်အချက်အလက်တွေတော့ မသိရသေးပါဘူး။

အခုလို သဘောတူညီချက်ရဖို့အတွက် အမေရိကန်ဘက်က လက်ရှိတရုတ်သွင်းကုန်တွေအပေါ် ကောက်ခံနေတဲ့ အခွန်တွေကို ၅၀% လျော့ချပေးမှာဖြစ်တဲ့အပြင် လာမယ့်တနင်္ဂနွေနေ့မှာ စတင်အသက်ဝင်မယ့် သွင်းကုန်အခွန် တိုးမြင့်ကောက်ခံမယ့်အစီအစဉ်ကိုလည်း ဆိုင်းငံ့ထားပေးမှာဖြစ်တယ်လို့ ဆွေးနွေးပွဲတွေနဲ့နီးစပ်သူတွေကပြောပါတယ်။ တကယ်လို့ အမေရိကန်ဘက်က တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးကောက်မယ့် အစီအစဉ်ကို ဆိုင်းငံ့မပေးဘူးဆိုရင် တရုတ်ဘက်ကလည်း အမေရိကန်သွင်းကုန်တွေအပေါ် အခွန်တိုးကောက်မယ့်အပြင် အမေရိကန်နဲ့ပြုလုပ်နေတဲ့ ကုန်သွယ်ရေးဆွေးနွေးမှုတွေကိုလည်း ၂၀၂၀ အမေရိကန်သမ္မတ ရွေးကောက်ပွဲပြီးတဲ့အထိ ဆိုင်းငံ့ထားနိုင်တယ်လို့ ကုန်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတွေ ခန့်မှန်းထားကြပါတယ်။

**Source:** https://burmese.voanews.com/a/china-us-trade-/5204347.html

**VOA Burmese News**

## အီးယူက မြန်မာနိုင်ငံကိုပေးထားသည့် GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေခြင်းကြောင့် GSP ခံစားခွင့်ရရှိထားသည့် မြန်မာ့ပို့ကုန်များ ဈေးကွက်အသစ်ထိုးဖောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် UMFCCI ဥက္ကဋ္ဌအကြံပြု

အီးယူက မြန်မာနိုင်ငံကိုပေးထားသည့် GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေခြင်းကြောင့် GSP ခံစားခွင့်ရရှိထား သည့် မြန်မာ့ပို့ကုန်များ ဈေးကွက်အသစ်ထိုးဖောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် အကြံပြုထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။ ၃၁ ကြိမ်မြောက် ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ လစဉ်ပုံမှန်အစည်းအဝေးတွင် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခုကဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်။ “လာမည့်နှစ်က ကျွန်တော်တို့ဘက်က စိန်ခေါ်မှုပိုများမယ်။ နိုင်ငံတကာက ဖိအားကများတယ်။ အီးယူဘက်ကလည်း ကျွန်တော်တို့ကို အထူးသဖြင့် ဒေါ်ခိုင်ခိုင်နွယ် (မြန်မာနိုင်ငံ အထည်ချုပ်အသင်း အတွင်းရေးမှူး) တို့ကို လာလာပြီးပြောနေတာ သူတို့ဘက်ကလည်း ပြင်ဆင်နေတာတွေရှိတယ်။ အီးယူသံအမတ်ရော၊ UN သံအမတ်တို့ကရော ပြောနေတာက ဒီဘက်မှာ ဘယ်လောက်ဖိအားလာမယ်ဆိုတာကို သူတို့မသိဘူး။ သူတို့ကတော့ ဒီနိုင်ငံမှာနေတဲ့အတွက် သူတို့လည်း ဒီရဲ့အနေအထားကို

သိပါတယ်တဲ့။ မဖြစ်အောင်လည်း သူတို့ဘက်က ကြိုးစားပေးနေတယ်လို့ပြောတယ်။ ပြန်ပြီးဖြစ်လာမှာကို စိုးရိမ်တယ်လို့ ပြောပါတယ်။ သို့ရာတွင် ကျွန်တော်တို့ဘက်ကတော့ အခုချိန်အထိတော့ သိပ်ပြီးတော့ တချို့ကလည်းမစိုးရိမ်ပါနဲ့။ တော်တော်နဲ့ သုံးလေးနှစ်နဲ့ မဖြစ်နိုင်ဘူးလို့တော့ပြောတာပေါ့။ ဒီအတိုင်းကောင်းသွားမယ်ဆိုတဲ့ အခြေအနေကောင်းတော့ အဲဒါလေးတော့ ကျွန်တော်တို့ဘက်က မျှော်လင့်ပြီးတော့ ကြိုးပမ်းနေတယ်။ ကျွန်တော်တို့လုပ်ငန်းရှင်တွေကတော့ အမြဲတမ်း Alert လုပ်နေပါတယ်။ အခြေအနေတစ်ခုဖြစ်လာပြီဆိုရင် ကိုယ့်ဘက်က ဘယ်လိုမျိုးလုပ်ကြမလဲ။ ပြင်ဆင်မလဲဆိုတာတွေ ဒါလေးဈေးကွက်အသစ်တွေလည်း ထိုးဖောက်ပြီးလုပ်ဖို့ အကြံပြုချက်တွေ လုပ်နေပါတယ်" ဟု ဦးဇော်မင်းဝင်းက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက ဥရောပသမဂ္ဂ Mission အဖွဲ့သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာ လေ့လာရေးခရီးစဉ်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ကွင်းဆင်းလေ့လာမည့်အပြင် ILO အဖွဲ့အစည်း၊ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများပါမကျန် တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအထွေထွေအခွင့်အရေး GSP/EBA ကို ဖယ်ရှားရန် သင့်၊ မသင့် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် လေ့လာတွေ့ရှိချက်များကို ကိုယ်စားလှယ်အဖွဲ့က EU ပါလီမန်သို့ တင်ပြမည်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုဆိုင်ရာ အခွန်သက်သာခွင့် GSP/ EBA အခွင့်အရေးနှင့် ပတ်သက်ပြီး EU ပါလီမန်ကသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်သည့် EU EBA Monitoring အဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

GSP/ EBA ဆိုသည်မှာ ကုန်သွယ်မှုဆိုင်ရာ အထူးအထွေထွေ အခွင့်အရေးဖြစ်ပြီး ယင်းအခွင့်အရေးရရှိထားသည့် နိုင်ငံများအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများ EU သို့ ပို့ကုန်များ တင်ပို့ပါက အခွန်ကိုကင်းလွတ်ခွင့် (သုညရာခိုင်နှုန်းအခွန်) ကို ခံစားခွင့်ရှိသည်။ မြန်မာနိုင်ငံသည် အထည်ချုပ်အများဆုံး တင်ပို့နေသည့် ၁၀ နိုင်ငံစာရင်းတွင် EU အဖွဲ့ဝင် ခုနစ်နိုင်ငံအထိ ရှိသည့်အတွက် GSP/ EBA အခွင့်အရေး ရုပ်သိမ်းသွားမည်ဆိုပါက ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအတွက် အခက်အခဲ ဖြစ်လာနိုင်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။ မြန်မာနိုင်ငံအပေါ် GSP/ EBA ခံစားခွင့်ကို ၂၀၁၃ ခုနှစ် ဇွန်က ပြန်လည်ပေးအပ်ခဲ့သည့်အတွက် အီးယူသို့တင်ပို့မည့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့ပါက အထည်အမျိုးအစားအပေါ် မူတည်ကာ အခွန်ရှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ သက်သာမှုရှိခဲ့ကြောင်းသိရသည်။ အဆိုပါအခွင့်အရေး ရရှိခဲ့သည့် ၂၀၁၃ ခုနှစ်ကစ၍ အီးယူသို့ အထည်ချုပ်တင်ပို့မှုမြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် EU သို့ တင်ပို့မှုသည် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှု စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်ကြောင်းသိရသည်။

ယင်းကဲ့သို့ GSP/ EBA အခွင့်အရေး ပြန်လည်ရုပ်သိမ်းသွားခဲ့ပါက အခြားသောဈေးကွက်များဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ EU နှင့် တရုတ်နိုင်ငံများသို့ အဓိကထား တင်ပို့သွားရမည်ဖြစ်ကြောင်းသိရသည်။ "အမြင့်ဆုံးပို့တဲ့ ၁၀ နိုင်ငံမှာ သုံးနိုင်ငံရှိပါ သေးတယ်။ ဂျပန်ရယ်၊ ကိုရီးယားရယ်၊ EU ရယ် သုံးနိုင်ငံရှိနေသေးတယ်။ အဲဒီ ၁၀ နိုင်ငံမှာ မပါတာ တရုတ်ပေါ့။ တရုတ်ရဲ့ ဝယ်အားက တဖြည်းဖြည်းတက်လာတယ်။ ၁၀ အောက်ရောက်နေသေးလို့ မပါသေးပေမဲ့သူသည် နည်းနည်းများလာပြီ။ အီးယူ ဈေးကွက်ရှိရင် ကျွန်မတို့အတွက် အကောင်းဆုံးပဲ" ဟု EU EBA Monitoring Mission အဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းနှင့်ပတ်သက် သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြား ထားသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ် (ချုပ်ပြီးအထည်) အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံကို လေ့လာကြည့်ပါက EY အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၉၃၀၊ UK သို့ အမေရိကန် ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၈ သန်း၊ အီတလီနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၄၅ သန်း အထိ တင်ပို့ထားခြင်း ဖြစ်သည်။

**Source:** https://news-eleven.com/article/149351

## တရုတ်နိုင်ငံမှ ဖိလစ်ပိုင်ထောပတ်သီး တရားဝင်တင်ပို့ခွင့်ပေးအပ်




မေလတွင် အုန်းသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိပြီးနောက် Hass ထောပတ်သီးမှာ ဖိလစ်ပိုင်နိုင်ငံ ၏ ယခုနှစ် ဒုတိယမြောက် တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိခဲ့သည့် သစ်သီးဖြစ်ပါသည်။ ထောပတ်သီးအပါအဝင် ဖိလစ်ပိုင် နိုင်ငံမှ လက်ရှိ တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိထားသည့် သစ်သီးအမျိုးအစား(၅)မျိုးရှိပါသည်။ နိုဝင်ဘာလ၊ ၂၉ ရက်နေ့ တရုတ်နိုင်ငံ အကောက်ခွန်ဌာနချုပ်မှ ထုတ်ပြန်သော ဖိလစ်ပိုင်ထောပတ်သီးပိုးမွှားကင်းစင်ရေးတောင်းဆိုချက်ဆိုင်ရာ အသိပေးစာကို ထုတ်ပြန်ခဲ့ပါသည်။ ထိုမှစတင်ပြီး ဖိလစ်ပိုင်ထောပတ်သီးမှာ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိခဲ့ကြောင်း သိရပါသည်။ ပိုးမွှားစစ်ဆေးဌာန၏ တောင်းဆိုချက်အရ တရုတ်နိုင်ငံသို့ တင်ပို့ရန်ခွင့်ပြုခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၏ ထောပတ်သီး အမျိုးအစားမှာ Hassထောပတ်သီးအမျိုးအစားဖြစ်ပြီး တရုတ်နိုင်ငံသို့တင်ပို့မည့်ထောပတ်သီးစိုက်ပျိုးဥယျာဉ်နှင့် ထုပ်ပိုး စက်ရုံများသည် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဌာန၏ခွင့်ပြုချက်ရယူကာ မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ အကောက်ခွန်ဌာနချုပ်တွင်လည်း စစ်ဆေးခွင့်ပြုချက်ရယူကာ မှတ်ပုံတင်ထားရမည်ဖြစ်သည်။ မှတ်ပုံတင် မည့် သစ်သီးခြံမှာ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)သို့မဟုတ် အခြားနိုင်ငံတကာအသိအမှတ်ပြု စနစ်ကိုအကောင်အထည် ဖော်လိုက်နာရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထုတ်ကုန်၏အရင်းအမြစ်စစ်ဆေးနိုင်ရန်အတွက် အာမခံနိုင်ရမည်ဖြစ်သည်။ ထို့ပြင် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ်(IPM)ကိုလည်း လုပ်ဆောင်သွားပြီး သစ်သီးဥယျာဉ်၏ ကျန်းမာရေးအခြေအနေ စသည်တို့ကို ထိန်းသိမ်းသွားရမည်ဖြစ်သည်။ ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ တရုတ်နိုင်ငံသို့တင်ပို့မည့် ထောပတ်သီးများ၏ အချောကိုင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်မှု လုပ်ငန်းစဉ်များတွင်ပိုးမွှားကင်းစင်ရေး ကြီးကြပ်စစ်ဆေးမှုများကို ပြုလုပ်သွားရမည်ဖြစ်သည်။ တောင်းဆိုချက်များတွင် ဖော်ပြချက်အရ ထုပ်ပိုးပြီးသော ထောပတ်သီး များအား သိုလှောင်သိမ်းဆည်းရန်လိုအပ်ပါက အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာဝန်ထမ်းများ ကြီးကြပ်စစ်ဆေးမှုအောက်တွင် အေးခဲသိုလှောင်ရုံတွင် ချက်ချင်းသီးသန့်ထားရှိရမည်ဖြစ်သည်။ အောက်တိုဘာလ၊ ၂၄ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ Rodrigo Duterte မှ မနီလာမြို့သို့ တရုတ်နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၏ လေ့လာရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ အရာရှိများမှ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦးနှင့် သတင်းအချက်အလက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသဘောတူ စာချုပ်ရေးထိုးမှုများကို သက်သေပြုခဲ့ပါသည်။ Manila Bulletin၏ သတင်းထုတ်ပြန်ချက်အရ ထိုအနက် သဘောတူစာချုပ် တစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံ Hass ထောပတ်သီး တရုတ်နိုင်ငံသို့တင်ပို့ခြင်းဆိုင်ရာ ပိုးမွှားကင်းစင်ရေးတောင်းဆိုချက် ပရိုတိုကော ဖြစ်ပြီး တရားဝင်တင်သွင်းခြင်းအတွက် တရားဝင်တံခါးဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်းကို ဖော်ညွှန်းနေပါသည်။ ယခု လက်ရှိ အချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၏ သစ်သီးအမျိုးအစားပေါင်း(၅)မျိုး တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်သည်။ နှာ နတ်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ သဘော်သီး၊ အုန်းသီးနှင့် ထောပတ်သီးတို့ဖြစ်ပါသည်။ အာရှသစ်သီးသတင်းမှ ကောက်နုတ် ဖော်ပြသည်။

**Source:** https://www.facebook.com/shweliayarnews/

**Government adds to no-travel list**

The Myanmar government has expanded its list of off-limits tourist destinations following the death of a German citizen in Shan State. Areas of Shan, Rakhine, Kachin, Chin, Sagaing and Yangon are on the updated notravel list from the Ministry of Hotels and Tourism. The government had already taken steps to steer tourists from active conflict zones. In August the military evacuated a group of foreigners from the town of Hsipaw, a popular trekking spot. The tourist who was killed on November 26 had been motorbiking in the same township when he ran over a land mine. The incident led to an inquiry by the German embassy.

Despite the recent setbacks, Myanmar's tourism sector appears to be picking up, especially with Asian visitors. More than 1.5 million people visited this year, according to official data, a 40 percent increase from 2018. The rise coincides with a relaxing of visa requirements and on-arrival visas for a batch of new countries in both Asia and Europe.

However, recent fighting between the Myanmar army (Tatmadaw) and members of the Northern Alliance of ethnic armed groups threatens both tourism and border trade with China. Following the Hsipaw incident, the government also tightened restrictions on conflict-adjacent areas in Rakhine and Chin State, where the Tatmadaw has tangled with the Arakan Army separatist group.

**Government sets sights on illegal trade**

The Private-Sector Development Committee has announced that it will introduce new measures to curb illegal trade in Myanmar. The committee, which is headed by Vice President U Myint Swe and includes members of the private sector, affirmed during a recent meeting that border smuggling and other black market trading is taking a toll on Myanmar business, and must be curtailed.

Data supports the committee's arguments: according to the Economist Intelligence Unit, Myanmar ranked the low-est on its 2018 Global Illicit Trade Environment Index, reported the Myanmar Times. It is unclear how much tax revenue Myanmar loses to the black market each year, but illegitimate trade, from currency exchange to beer, has been a key part of the Myanmar market for decades. Myanmar's numerous self-governing ethnic armed groups often provide havens for illicit border trade.

This year, the government has already taken steps to curb the black market. A second Thailand-Myanmar Friend-ship Bridge opened on the Thai-Burmese border in Myawaddy, a major smuggling hotspot, and both governments vowed to support legitimate trade there. Myanmar also legalized the first money remittance services outside of the banking sector, a blow against a large, longstanding system of illegitimate money transfers. It has also weighed allowing foreign liquor imports, and Chang Beer, an oft smuggled Thai beverage, is now brewed legally in Yangon.

**Major coal enterprise draws community pushback**

A large-scale Thai coal operation in eastern Shan State has drawn the ire of local communities worried for their land and environment. Residents of Mong Hsat Township issued a joint statement against the project, which is a joint venture between the Thailand-registered Sahakol Equipment Co. Ltd (SQ) and Myanmar's Golden Lake Co. Ltd.

The project, which launched in July, was granted a 28-year government concession, according to the Myanmar Times. It aims to produce 600,000 tonnes of coal per year and eventually establish a 600-megawatt coal-fired power plant. The first tracts of land were cleared in October.

Many local villagers worry that they will be relocated and their lands seized. These fears are not without precedent:

Myanmar's common land laws are ambiguous and seizures of community farmland in favor of large-scale industrial projects are common. Legally, the government is required to compensate displaced residents with money and/or new land. However in the past, bureaucracy and legal loopholes often leave farmers landless and/or inadequately compensated.

On the other hand, the Myanmar government is desperate for power as the country seeks to fill rising demand in time for the dry season. Hydroelectric dams generate more than half of Myanmar's power, and low water volumes during the dry months cause a seasonal lapse in supply. Coal does not have this disadvantage.

**Source: Thura Swiss News (Issue 395 December 12, 2019)**

## STOCK EXCHANGE (13.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 149 | 1,680,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,800 | 3,056 | 11,631,650 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | -100 | -1.20% | 7,600 | 8,200 | 7,600 | 102 | 776,400 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 1,027 | 23,357,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,900 | 502 | 1,455,900 | 12,823,224 | 37,829 |

### Market summary

As of 13th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.59 | +10.56 | +2.31% | 453.23 | 468.59 | 453.23 | 4,836 | 38,901,950 | 5 | 641,648 |

**Index chart**



## Market Overview

As of 1:00 pm, 13th Dec. 2019

| MYANPIX | 468.59 ▲ 10.56 |
| --- | --- |
| Total Volume (shares) | 4,836 |
| Total Value (MMK) | 39 mil |
| Listed Company | 5 |
| Market Cap. (MMK) | 641,648 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |

TIR